## ထိုသောအခါဝယ်—






ဦးဘကလေးအမြင်မှား ယွင်းဖောက်ပြန်ပြီး အုပ်စိုးသူများနဲ့အတူ မြင်ခဲ့ဖူးတယ်လို့ မရှိစဖူးပါဘူး။ ဦးဘကလေးဟာ ဗမာပြည်သူကို သစ္စာရှိခဲ့တဲ့ အနုပညာသည်ကြီးပါ။ နိုင်ငံရေးအမြင်မသန်လှတဲ့ လူလတ်တန်းစားဖြစ်လို့ သူ့ဘဝ သူ့တစ်သက်မှာ အားနည်းချက်၊ ချွတ်ယွင်းချက်များရှိခဲ့ပေမယ့် သူဟာ ဗမာပြည်သူတွေကို ဘယ်တော့မှ သစ္စာဖောက်ပြီး နယ်ချဲ့သမားဘက်က မထောက်ခံခဲ့ဘူး။ အုပ်ချုပ်သူလူတန်းစားအမြင်မျိုး ဘယ်တော့မှ မမြင်ခဲ့ဘူး။ အမြှယ်လှယ်ခံ၊ အညှဉ်းဆဲခံ၊ အဖိနှိပ်ခံတွေနဲ့ အတူသာ ရှိခဲ့ပါတယ်။ ဒါကြောင့် သူ့ကာတွန်းတွေကို ပြန်ကြည့်ရင် နိုင်ငံရေးအမြင်နဲ့ ကြည့်မလား အဓိုမဖြတ်နိုင်ဘူး။ ရုပ်ပြောင်ပုံတူတွေနဲ့ ပြည်သူတွေရဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေကို မော်ကွန်းထိုးပစ်ခဲ့တဲ့ ကာတွန်းတွေ အများကြီး။ လူမှုရေးဘက်ကနေပြီး ကြည့်ပြန်ရင်လည်း လူမှုရေးသမိုင်းအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အထောက်အထားတွေအဖြစ် တွေ့ရပါမယ်။ ဒါကြောင့် ဒီကာတွန်းတွေ မပျောက်ပျက်စကောင်းဘူး။ အချိန်ကြာမြင့်လေ အဖိုးတန်လေ ဖြစ်လိမ့်မယ်ဆိုပြီး -

လူထုဒေါ်အမာ

"ဦးဘကလေးဟာ ဗမာနိုင်ငံရဲ့ လူမှုရေး စီးပွားရေး နိုင်ငံရေးသမိုင်းတွေကို အရုပ်တွေနဲ့ ပြုစုသွားတဲ့ ပညာရှင်လည်းဖြစ်တယ်၊ အနုပညာမှာ သေတ္တာမှောက် နိုင်နင်းစွမ်းဆောင်သူလည်း ဖြစ်တယ်"

ဆရာတော်ရွှေကိုင်းသား

ရုပ်ရှင်တွင်လည်း "ရွှေရိုး" အမည်ဖြင့် သူ၏အနုပညာအစွမ်းကို ပြရင်း နိုင်ငံတစ်လွှား ထင်ပေါ်ကျော်ကြား လူကြိုက်များခဲ့လေသည်။ ထိုအချိန်မှစ၍ လူပျိုလူရွယ်ကလေးက အဘိုးကြီးအသွင်ဆောင်၍ ပုသိမ်ထီးကလေးနှင့် ကသောအကကို ဦးရွှေရိုးအကဟု ခေါ်ပေါက်လာလေသည်။ ယနေ့တိုင် မြန်မာတို့ စွဲမက်နှစ်သက်သော ရွှေရိုးအကသည် ပွဲတိုင်းကျော်လျက်ရှိသည်။ ရုပ်ရှင်တွင် ရွှေရိုးဘကလေးဟာ ထင်ရှားကာ နှစ်ကိုယ်ခွဲ သုံးကိုယ်ခွဲ လေးကိုယ်ခွဲ စသည်ဖြင့် တစ်ကိုယ်တည်း ဇာတ်ဆောင် ကိုယ်ခွဲအမျိုးမျိုးခွဲ၍ သရုပ်ဆောင်ပြကာ ပြည်သူအများအား စွဲမက်စေသည်။

ကာတွန်းဦးဖေသိန်း

"ချာလီချက်ပလင်ဟာ ရုပ်ရှင်လူရွှင်တော်ကြီးအဖြစ်နဲ့ ကမ္ဘာကျော်ပေမယ့် ကာတွန်းမဆွဲတတ်ဘူး။ ဝေါ့ဒစ္စနေးဟာ ကာတွန်းအဆွဲ တော်လှတယ်ဆိုပေမယ့်လည်း ကိုယ်တိုင်ရုပ်ရှင်ဝင်မရိုက်နိုင်ခဲ့ဘူး။ ကိုဘကလေးကတော့ စွယ်စုံတဲ့ လူ"

ဆရာဇဝန

"ဦးဘကလေးဟာ ပြဿနာကို အပေါ်ယံကရုပ်မကြည့်ဘဲ အနှစ်ထိ ဖောင် ထိုးဖောက် ကြည့်တတ်တဲ့လူပဲ၊ ဒါဟာ သူ့အနုပညာပါရမီ အခံလှအကျင့်ကြောင့်ထင်တယ်၊ ပြီးတော့ သူက ပစ်တွင်းကို မှန်မှန်ထိထိမှားမှားမဟုတ်ဘဲ ထင်ထင်ရှားရှားလည်းမြင်တယ်၊ မိုးပေါ်ထောင်မဖောက်ဘဲ တိုက်ရိုက်ထိမှန်အောင်လည်း ပစ်တတ်တယ်၊ ဦးဘကလေးဘဝကို လေ့လာမိတော့ အနုပညာသည်တစ်ယောက် နိုင်ငံရေးထမ်းဆောင်ရင် တယ် ထဲ့ဘယ်သွားပါကလားဆိုတာကို သဘောပေါက်ရတယ်"

ဗိုလ်မှူးချုပ်တောင်းကျော်အေး